**Myanmar Garment Manufacturers Association**

**MAY 2022, ISSUE**

# NEWSLETTER



**K**orea Garments Association in Myanmar (KOGAM) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူ မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်က Sorabol Korean Restaurant Golden Valley ၌ပြုလုပ်ခဲ့သည်။ ညစာစားပွဲသို့ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအသင်းလေးခုဖြစ်သော

Pg – 5 သို့




*Pg - 2*



*Pg - 4*

**“ အလုပ်အမှုဆောင်များမှဝက်ဘ်ဆိုက်ပေါ်မှ C/O လုပ်ငန်းစဥ်အခက်အခဲများ၊ MGMA ၏ရှေ့ဆက်မည့်လုပ်ငန်းစဥ်များ၊ စီမံကိန်းလှုပ်ရှားမှုများ၊ အသင်းဝင်စက်ရုံများ၏အခက်အခဲများ နှင့် VLCA ကိုအွန်လိုင်းမှတဆင့် စစ်ဆေးမည့်လုပ်ငန်းစဥ်များကို ဆွေးနွေးခဲ့ကြသည်။ ”**

# မာတိကာ

## Activity


AFTEX Online Business Conference........................................................................ ၂ - ၃

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး နှင့် A Bank မှဝဘာဝန်ရှိသူများဖြင့်တွေ့ဆုံခြင်း .................. ၄

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ............................ ၅

Operator Level အထည်ချုပ်လုပ်သားများအတွက်ဝင်ငွေစီမံခန့်ခွဲမှုသင်တန်း .................................... ၆

လက်တွေ့အသုံးချ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ (အပတ်စဉ် - ၂ ) ..................... ၇

အလုပ်သမားဥပဒေရေးရာအသိပညာပေး နှင့် WCC သင်တန်း ....................................................... ၈ - ၉


## News


အထည်ချုပ်လုပ်သားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း ....................................................... ၁၀

Voluntary Labor Compliance Assessment စစ်ဆေးခြင်း..................................................... ၁၁


## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Opening Ceremony of Industrial Engineering (IE) Training by MGMA in collaboration with Ministry of Science and Technology, Department of Technical Vocational Education and Training | June 6 | GTI (Insein) |
| 2. | Setting up clinic and breastfeeding facilities in piloted factories, supported by **UNICEF Myanmar** | TBC | TBC |
| 3. | OSH, Occupational Safety and Health Training (Introductory), supported by **Action Aid Myanmar** | TBC | MGHRDC |
| 4. | Mobile healthcare service to piloted factories, supported by **UNICEF Myanmar** | TBC | TBC |

## Membership Update


New Members in May 2022 .............................................................................. ၁၂

Membership update as of May 2022 ........................................................................ ၁၂

# AFTEX Online Business Conference




3 CECs of MGMA attending Conference


ASEAN Federation of Textile Industries (AFTEX) Online Business Conference သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များဖြစ်သော ဦးသိန်းဖေဝင်း၊ ဦးထွန်းထွန်းနှင့်ဦးအောင်မျိုးဟိန်းတို့တက်ရောက်ခဲ့သည်။ ASEAN Federation of Textile Industries (AFTEX) အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ မေလ (၁၀) ရက်က Zoom Application ဖြင့်ကျင်းပပြုလုပ်ခဲ့သည်။

*“ အစည်းအဝေးသို့ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတက်ရောက်ခဲ့ကြပြီး အထည်ချုပ်နှင့်အထည်အလိပ်ဆိုင်ရာ အခွင့်အလမ်းများကို Panel Discussion ဖြင့် အပိုင်းနှစ်ပိုင်းခွဲကာဆွေးနွေးခဲ့ကြသည်။ ”*

အစည်းအဝေးသို့ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတက်ရောက်ခဲ့ကြပြီး အထည်ချုပ်နှင့်အထည်အလိပ်ဆိုင်ရာ အခွင့်အလမ်းများကို Panel Discussion ဖြင့် အပိုင်းနှစ်ပိုင်းခွဲကာဆွေးနွေးခဲ့ကြသည်။ Panel Discussion တွင် Honorable Mr.Sunny Tan, Legislative Council Member, HK Special Administrative Region of the PRC မှ Moderator အဖြစ်ပါဝင်ပြီး Textile Council of HK, Chairman Dr. Henry Tan နှင့် Economist Dr.David Wong တို့မှ အထည်ချုပ်နှင့်အထည်အလိပ်ဆိုင်ရာအခွင့်အလမ်းများကိုဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးပွဲတွင် တက်ရောက်လာကြသော Textile and Apparel ထုတ်လုပ်သူ AFTEX အဖွဲ့ဝင်များဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ် အစရှိသော အာဆီယံနိုင်ငံအသီးသီးမှ ၎င်းတို့နိုင်ငံအတွင်းတွင်ဖြစ်ပေါ်လျက်ရှိသော အထည်ချုပ်လုပ်ငန်းများ၏ စီးပွားရေးအခြေအနေများကိုရှင်းလင်းပြောကြားခဲ့ကြသည်။ အစည်းအဝေးသို့ Vietnam Textile and Apparel Association (VITAS), Garment Manufacturers Association in Cambodia (GMAC), Indonesia Textile Association (API), Association of the Lao Garment Industry (ALGI), Malaysian Textile Manufacturers Association (MTMA), Myanmar Garment Manufacturers Association (MGMA), Confederation of Garment Exporters of the Philippines (CONGEP), Singapore Textile and Fashion Federation (TAFF), The National Federation of Thai Textile Industries (NFTTI) တို့မှ တာဝန်ရှိလူကြီးမင်းများတက်ရောက်ခဲ့ကြသည်။




China and ASEAN Member States




CHINA AND ASEAN MEMBER STATES



# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး နှင့် A Bank မှတာဝန်ရှိသူများဖြင့်တွေ့ဆုံခြင်း



**" အလုပ်အမှုဆောင်များမှဝက်ဘ်ဆိုက်ပေါ်မှ C/O လုပ်ငန်းစဉ်အခက်အခဲများ၊ MGMA ၏ရှေ့ဆက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလှုပ်ရှားမှုများ၊ အသင်းဝင်စက်ရုံများ၏အခက်အခဲများ နှင့် VLCA ကိုအွန်လိုင်းမှတဆင့် စစ်ဆေးမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ "**

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်အစည်းအဝေး နှင့် A Bank မှတာဝန်ရှိသူများဖြင့်တွေ့ဆုံခြင်းကို ၂၀၂၂ ခုနှစ်၊ မေလ ၂၁ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ်ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှဝက်ဘ်ဆိုက်ပေါ်မှ C/O လုပ်ငန်းစဉ်အခက်အခဲများ၊ MGMA ၏ရှေ့ဆက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလှုပ်ရှားမှုများ၊ အသင်းဝင်စက်ရုံများ၏အခက်အခဲများနှင့် VLCA ကိုအွန်လိုင်းမှတဆင့်စစ်ဆေးမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် MGMA အဖွဲ့ဝင်များနှင့် A Bank မှ တာဝန်ရှိလူကြီးမင်းများဖြင့်တွေ့ဆုံခဲ့ကြပြီးချိတ်ဆက်လုပ်ဆောင်မည့်ဘဏ်ဝန်ဆောင်မှုများအကြောင်းဆွေးနွေးခဲ့ကြသည်။ A Bank မှတာဝန်ရှိလူကြီးမင်းများက MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ၎င်းတို့ဘဏ်မှပေးမည့်ဝန်ဆောင်မှုများအကြောင်းကိုအသေးစိတ်ရှင်းပြခဲ့သည်။



MEETING WITH A BANK

# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ




REPRESENTATIVE FROM 4 GARMENT ASSOCIATION IN MYANMAR GROUP PHOTO

Korea Garments Association in Myanmar (KOGAM) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိနိုင်ငံခြား အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူ မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်က Sorabol Korean Restaurant Golden Valley ၌ပြုလုပ်ခဲ့သည်။ ညစာစားပွဲသို့ မြန်မာနိုင်ငံရှိအထည်ချုပ်လုပ်ငန်းအသင်းလေးခုဖြစ်သော မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၊ KOGAM (Korea), JGMA (Japan) and CTGA (China) တို့မှ ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီးလက်ရှိ ဖြစ်ပေါ်နေသော အထည်ချုပ်စက်ရုံများ၏အခြေအနေများကို အတူတကွ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

# Operator Level အထည်ချုပ်လုပ်သားများအတွက် ဝင်ငွေစီမံခန့်ခွဲမှုသင်တန်း



Trainer Daw Inkyinn lecturing income management

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးသော Operator Level အထည်ချုပ်လုပ်သားများအတွက် ဝင်ငွေစီမံခန့်ခွဲမှုသင်တန်းကို ၂၀၂၂ ခုနှစ်၊ မေလ ၇ ရက်နှင့် ၈ ရက်များတွင် MGHRDC ၌ပြုလုပ်ခဲ့သည်။ သင်တန်းကို အထည်ချုပ်လုပ်သားများ ၎င်းတို့၏လစာဝင်ငွေကို ကြွေးမြီးကင်းအောင် စနစ်တကျ စီမံခန့်ခွဲနိုင်စေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ Nway Pyoe Khinn Consulting and Training development service မှသင်တန်းနည်းပြ ဒေါ်အင်ကြင်းက ဝင်ငွေတိုးတက်စေရန်နည်းလမ်းများ၊ ကုန်ကျစရိတ်လျှော့ချရန်နည်းလမ်းများ၊ အရေးပေါ်ကုန်ကျစရိတ်များအတွက်ငွေစုဆောင်းခြင်း၊ ငွေစုဆောင်းခြင်း၏အရေးကြီးပုံများ၊ စနစ်တကျငွေစုဆောင်းနိုင်ရန်နည်းလမ်းများ၊ ဂျပန်နိုင်ငံမှ KAKEIBO saving book အကြောင်းများကိုသင်ကြားပေးခဲ့ပြီး သင်တန်းသားများမှ အဖွဲ့လိုက်လုပ်ဆောင်မှုများ၊ လှုပ်ရှားမှုများကိုတက်ကြွစွာပါဝင်ပေးခဲ့ကြသည်။ သင်တန်းသို့ Kyarr Lay Apparel Co.,Ltd မှ သင်တန်းသား (၂၃) ဦးတက်ရောက်ခဲ့သည်။ အဆိုပါ Kyarr Lay Apparel Co.,Ltd သည် MGMA နှင့် LIFT အလှူရှင်တို့မှ စံပြစက်ရုံအဖြစ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်စက်ရုံတစ်ခုသည်။ MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှသင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးခဲ့သည်။



Motivation activities



Group Work



Participants Group Photo



Awarding Certificate

# လက်တွေ့အသုံးချ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ (အပတ်စဥ် - ၂ )

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးပြီး LIFT Donors များ၏ထောက်ပံ့မှုဖြင့် လက်တွေ့အသုံးချ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ (အပတ်စဥ် - ၂ ) ကို ၂၀၂၂ ခုနှစ်၊ မေ ၁၈ ရက် မှ ၂၀ ရက်ထိ MGHRDC ၌ပြုလုပ်ခဲ့သည်။



MD of MGMA Daw Aye Mi Shein giving opening remarks

သင်တန်းအဖွင့်အမှာစကားကို MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှပြောကြားခဲ့ပြီး ယခုလိုသင်တန်းသို့ တက်ကြွစွာ တက်ရောက်ပေးကြသည့် သင်တန်းသားများကို ကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။ သင်တန်းကို လုပ်ငန်းခွင်ဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် နှင့် အပြောင်းအလဲကိုဦးဆောင်ရာတွင် HR များ၏ အခန်းကဏ္ဍသည် လက်တွေ့ကျကျမည်ကဲ့သို့ဆောင်ရွက်လုပ်ကိုင်ရမည်ကိုသိရှိနားလည်စေရန်ရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းနည်းပြ ဒေါ်ညွန့်သိင်္ဂီထွေး (Founder and Consultant from Future Development Initiative Learning Hub) မှ HRM and organizational strategy, Recruitment, Selection, Introduction of employee, Employee Management and relationships, Employee Support, Training & Development များကို အဖွဲ့လိုက်လှုပ်ရှားမှုများ နှင့် ဂိမ်းကစားခြင်းများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား (၂၆) ယောက်တက်ရောက်ခဲ့ကြသည်။ သင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်အမှာစကားကို MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့် မှပြောကြားပေးခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



Trainer Daw Nyunt Theingi Htwe lecturing HRM



Participants Group Photo



EC of MGMA U Ye Khant awarding certificate



Group Work



Energizer game

# အလုပ်သမားဥပဒေရေးရာအသိပညာပေး နှင့် WCC သင်တန်း



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး LIFT Donor များ၏ပံ့ပိုးကူညီမှုဖြင့် အလုပ်သမားဥပဒေရေးရာအသိပညာပေးနှင့် WCC သင်တန်းကို ၂၀၂၂ ခုနှစ်၊ မေလ တွင် Pathein Industrial Park ရှိစက်ရုံ ၃ ရုံတွင်ပြုလုပ်ခဲ့သည်။ စက်မှုလုပ်ငန်းများပိုမိုတိုးတက်ပြီး အထည်ချုပ်လုပ်သားများအတွက်ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်များဖန်တီးနိုင်စေရေးအတွက် လိုအပ်သော Soft Skills များကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းကို မေလ ၂၄ ရက်တွင် He Shan Myanmar Garments Co.,Ltd ၌လည်းကောင်း၊ မေလ ၂၅ ရက်တွင် Huabo Time Textiles & Clothing Co.,Ltd ၌လည်းကောင်း၊ မေလ ၂၆ ရက်တွင် Amava Apparel Ltd ၌လည်းကောင်း ပြုလုပ်ခဲ့သည်။ သင်တန်းများတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ သင်တန်း၏ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားခဲ့ပြီး Employment, Work Hours, Payment of Wages, Employment Termination, Leave Holiday, Workplace Coordination Committee (WCC), Settlement of Labour Dispute

**စာမျက်နှာ - ၈ သို့ >>>>>**

U Min Soe Han presenting Labour Law Awareness at Huabo Time Co.,Ltd



Explaining Project's Objectives



Group Work at He Shan Co.,Ltd







**စာမျက်နှာ - ၇ မှအဆက် >>>>>>>**

များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ အထည်ချုပ်စက်ရုံလုပ်သားများ အတွက်လိုအပ်သော Soft Skills များတွင်အလုပ်သမားဥပဒေအသိပညာပေးခြင်းသည်တစ်ခုအပါအဝင်ဖြစ်ပြီး သင်တန်းသို့ He Shan Myanmar Garments Co.,Ltd မှ ဝန်ထမ်း (၂၄) ဦး ၊ Huabo Time Textiles & Clothing Co.,Ltd မှ ဝန်ထမ်း (၂၄) ဦး၊ Amava Apparel Ltd မှ ဝန်ထမ်း (၂၇) ဦးစီအသီးသီးတက်ရောက်ခဲ့ကြသည်။




HUABO TIME TEXTILES & CLOTHING CO.,LTD



AMAVA APPAREL LTD



HE SHAN MYANMAR GARMENTS CO.,LTD

# အထည်ချုပ်လုပ်သားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း



အထည်ချုပ်လုပ်သားများအားကျန်းမာရေးစစ်ဆေးပေးခြင်းကို ၂၀၂၂ ခုနှစ်၊ မေလ ၉ ရက်မှ ၁၂ ရက် ထိ UNICEF Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်နှင့်နေပြည်တော်ရှိ Piloted စက်ရုံများနှင့် MGHRDC တို့တွင်ပြုလုပ်ခဲ့သည်။ အထည်ချုပ်လုပ်သားများကို သက်ဆိုင်ရာဆရာဝန်မှ တီဘီရောဂါစစ်ဆေးပေးခြင်း၊ ဆီးချိုရှိမရှိသွေးဖောက်စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ ကိုဗစ် - ၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးခြင်းနှင့်အခြားလိုအပ်သော ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများ နှင့် ဆေးဝါးများပေးအပ်ခြင်းတို့ကိုပြုလုပ်ပေးခဲ့သည်။

ရန်ကုန်နှင့်နေပြည်တော်ရှိ Piloted စက်ရုံများနှင့် MGHRDC မှ အထည်ချုပ်လုပ်သား (၂၂၉) ယောက်ကိုကျန်းမာရေးဆိုင်ရာစမ်းသပ်ခြင်းများပြုလုပ်ပေးခဲ့သည်။ ယခုလိုကျန်းမာရေးစစ်ဆေးပေးခြင်းသည် ကျန်းမာ၍အာဟာရပြည့်ဝသော အလုပ်သမားထုဖြင့်စက်ရုံထုတ်လုပ်မှုအားကောင်းစေရန်ရည်ရွယ်ကာ ပြုလုပ်သည့်အစီအစဉ်တစ်ခုဖြစ်သည်။

Prescribing by medical team



Medical Check Up



Medical Check Up



Covid – 19 Test



Blood Testing For Diabetes

# Voluntary Labor Compliance Assessment စစ်ဆေးခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labor Compliance Assessmentအစီအစဥ်အဖြစ် ၂၀၂၂ ခုနှစ်၊ မေလ တွင် အသင်းဝင်စက်ရုံ ၃ ရုံကို သွားရောက်အကဲဖြတ်စစ်ဆေးခဲ့သည်။ အဆိုပါ စက်ရုံ ၃ ရုံမှာ ရန်ကုန်ရှိ Unique HTT Co.,Ltd နှင့် Pathein Industrial Park ရှိ He Shan Myanmar Garments Co.,Ltd, Huabo Time Textiles & Clothing Co.,Ltd တို့ဖြစ်သည်။ Unique HTT Co.,Ltd သို့ မေလ ၁၇ တွင်လည်းကောင်း၊ He Shan Myanmar Garments Co.,Ltd သို့ မေလ ၂၃ ရက်တွင်လည်းကောင်း၊ Huabo Time Textiles & Clothing Co.,Ltd သို့ မေလ ၂၇ ရက်တွင်လည်း



ကောင်းသွားရောက်ခဲ့သည်။

စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဥ်တွင် အကျုံးဝင်သည့် စာရွက်စာတမ်းအားလုံးနှင့် ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့်အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကိုအကဲဖြတ်စစ်ဆေးခြင်းအစီအစဥ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင်တရားဝင်ကြေညာခဲ့သည်။



Unique HTT Co.,Ltd



He Shan Myanmar Garments Co.,Ltd



Huabo Time Textiles & Clothing Co.,Ltd



Unique HTT Co.,Ltd



Huabo Time Textiles & Clothing Co.,Ltd

## UPCOMING ACTIVITY

| *No.* | *Description* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Opening Ceremony of Industrial Engineering (IE) Training by MGMA in collaboration with Ministry of Science and Technology, Department of Technical Vocational Education and Training | June 6 | GTI (Insein) |
| 2. | Setting up clinic and breastfeeding facilities in piloted factories, supported by **UNICEF Myanmar** | TBC | TBC |
| 3 | OSH, Occupational Safety and Health Training (Introductory), supported by **Action Aid Myanmar** | TBC | MGHRDC |
| 4. | Mobile healthcare service to piloted factories, supported by **UNICEF Myanmar** | TBC | TBC |

## MEMBERSHIP UPDATE

New Members in May 2022

| **Country** | **No. of New Member Factories** |
|---|---|
| China | 5 |
| **Total** | **5** |

Membership Update as of May 2022

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 67 |
| | China | 280 |
| | Korea | 57 |
| | Japan | 17 |
| | Others | 21 |
| | Joint Venture | 26 |
| | Local, Sub-Con, Marketing, Inspection ,Textile | 42 |
| Total (Active) | | 510 |
| Grand Total | | 766 |